ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ် (၁၂/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်

၁။ (၁၆-၁၁-၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကိုင် အကြမ်းဖက်သမားများသည် ကလေးမြို့နယ် အနောက်တောင်ပိုင်းရှိ နယ်မြေတစ်ခုအတွင်း အရေးပေါ်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသူ အမျိုးသမီးများ အပါအဝင် ဆေးဝန်ထမ်းများကို ဖမ်းဆီးခဲ့ကြောင်း သိရှိရပါသည်။

၂။ (၁၆-၁၁-၂၀၂၁) ရက်နေ့၊ နေ့လယ်ပိုင်းတွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကိုင် အကြမ်းဖက်သမားများသည် ဖားအံမြို့နယ်၊ ဖလံတောင်ကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံကို ကျူးကျော်ဝင်ရောက်ဖျက်ဆီးခဲ့ပြီး မီးစက်အပါအဝင် ပြည်သူပိုင် ဆေးနှင့် ဆေးပစ္စည်းများကို လုယူခဲ့ကြပါသည်။ ဆေးရုံဝန်ထမ်းများမှာ ကြိုတင်တိမ်းရှောင်နိုင်ခဲ့သောကြောင့်သာ အကြမ်းဖက် အန္တရာယ်နှင့် မကြုံတွေ့ခဲ့ရခြင်းဖြစ်ပါသည်။

၃။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီသည် ယခုရက်ပိုင်းအတွင်း အထူးကုဆရာဝန်များအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် ပရဟိတဝန်ထမ်းများကို ယခင်နည်းတူ ဆက်တိုက် ထပ်မံဖမ်းဆီးလျက်ရှိကြောင်း သိရှိရပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီက ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ၊ ပရဟိတဝန်ထမ်းများနှင့် ဆေးရုံ၊ ဆေးခန်းများကို အပြိုးတကြီး ပစ်မှတ်ထား၍ အဆင်ခြင်မဲ့ အကြမ်းဖက်တိုက်ခိုက်ချေမှုန်းနေခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်း (Geneva Conventions) နှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (၂၂၈၆) အပါအဝင် ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်းဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်စစ်ကောင်စီ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်များအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ရှုံ့ချလိုက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အချိန်မီထိရောက်စွာ တားဆီးအရေးယူဆောင်ရွက်ကြပါရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

https://moh.nugmyanmar.org/